**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၅၀ / ၂၀၁၄**
၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၅ ရက်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ(က) အရ အပ်နှင်းသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ"

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကိုဆိုသည်။

(ခ) **ကျောင်း** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကတည်ထောင်ဖွင့်လှစ်သည့် သို့မဟုတ် ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုက တည်ထောင်ဖွင့်လှစ်ထားပြီး အစိုးရက အသိအမှတ်ပြုထားသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းတစ်ခုခုကို ဆိုသည်။

(ဂ) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှု** ဆိုသည်မှာ ကမ္ဘာမြေပေါ်ရှိ သက်ရှိများနှင့် ယင်းတို့၏ ကူးလူးဆက်နွယ်မှုများအပေါ် ဩဇာလွှမ်းမိုးသော သက်ရှိ၊ သက်မဲ့ အရာအားလုံးကို နီးနွယ်ဆက်စပ် အကျိုးသက်ရောက်စေသည့် လူတို့၏ ပြုမူဆောင်ရွက်ချက်များအား စီမံခန့်ခွဲမှုကို ဆိုသည်။

(ဃ) **ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း** ဆိုသည်မှာ ဆောင်ရွက်ရန် အဆိုပြုထားသော စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုကို ခွင့်ပြုရန် သင့် မသင့် ဆုံးဖြတ်နိုင်ရေးအတွက် ယင်းလုပ်ငန်းလုပ်ဆောင်မှုကြောင့် ပတ်ဝန်းကျင်၏ ရုပ်ပိုင်း၊ လူနှင့် သက်ရှိလောက၊ လူမှုရေးနှင့် လူမှုစီးပွားရေးတို့အပေါ် ထင်ရှားသိသာစွာ ထိခိုက်ပြောင်းလဲမှု ဖြစ်ပေါ်စေနိုင်သည့် အလားအလာများ သို့မဟုတ် ထိခိုက် ပြောင်းလဲမှု ဖြစ်စဉ်များ ရှိ မရှိ စနစ်တကျ ဆန်းစစ်သည့်လုပ်ငန်းစဉ်ကိုဆိုသည်။

(င) **တတိယ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း** ဆိုသည်မှာ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသော်လည်းကောင်း၊ စိစစ်ခွင့်ပြုသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသော်လည်းကောင်း မဟုတ်သော အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(စ) **ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း** ဆိုသည်မှာ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုတစ်ခု၏ ဖြစ်နိုင်ခြေရှိသော အကျိုးသက်ရောက်မှု များသည် သိသာထင်ရှားမှု ရှိ မရှိ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန် လိုအပ်ခြင်း ရှိ မရှိ နှင့် သတ်မှတ်ထားသော အခြားစာရွက်စာတမ်း အထောက်အထား များ ပြုစုတင်ပြရန် လိုအပ်ခြင်း ရှိ မရှိ စစ်ဆေးခြင်းကို ဆိုသည်။

(ဆ) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** ဆိုသည်မှာ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှု တည်ဆောက်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ ရပ်စဲခြင်း၊ ပိတ်သိမ်းခြင်း လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှု ကြောင့်လည်းကောင်း၊ ယင်းသို့ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သည့် အခြားအကြောင်း တစ်ခုခုကြောင့်လည်းကောင်း ပတ်ဝန်းကျင်ကိုဆိုးကျိုးသက်ရောက်ခြင်းမှ ကာကွယ်ရန် ဖြစ်စေ၊ ရှောင်လွှဲရန်ဖြစ်စေ၊ ဆိုးကျိုးသက်ရောက်မှုလျော့နည်းစေရန်ဖြစ်စေ ဆောင်ရွက် မည့် နည်းလမ်းနှင့် အစီအစဉ်များဖော်ပြသည့် စီမံချက်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပတ်ဝန်းကျင်အခြေအနေ ပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ခြင်းဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုများကို စောင့်ကြည့်လေ့လာမည့် အစီအစဉ်များနှင့် ပတ်ဝန်းကျင် ထိခိုက်မှု ဆိုင်ရာ အရေးပေါ် အခြေအနေနှင့်စပ်လျဉ်း၍ ကြိုတင်စီမံထားရှိမှုများ ပါဝင်သည်။

(ဇ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင်ပါရှိသောပုံစံကိုဆိုသည်။

(ဈ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးအရာရှိ**ဆိုသည်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ နှင့် အထက်အရာရှိများကိုဆိုသည်။

## အခန်း (၂)

## ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒ ချမှတ်ခြင်း

၃။ ကော်မတီသည် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သော ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများကို သက်ဆိုင်သောအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ သင့်လျော်သော အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းပြုစု၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။ ပြည်ထောင်စု အစိုးရအဖွဲ့က အတည်ပြုသော ပတ်ဂန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများကို အများပြည်သူသိရှိနိုင်ရန် သင့်လျော်သော နည်းလမ်းများဖြင့် ထုတ်ပြန်ရမည်။

၄။ ကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်အရလည်းကောင်း၊ ဝန်ကြီးဌာန၏ အကြံပြု တင်ပြချက်အရလည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကကဏ္ဍ နှင့် အများပြည်သူတို့၏ အကြံပြုချက်အရလည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများ ကို ပြင်ဆင်သင့်သည်ဟု ယူဆပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ရမည်။

၅။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒများချမှတ်ရန်ဖြစ်စေ၊ ပြင်ဆင်ရန် ဖြစ်စေ လိုအပ်သည်ဟုယူဆသည့်အခါ ယင်းသို့မူဝါဒများချမှတ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင် ရေးအတွက် လေ့လာတွေ့ရှိချက်နှင့် အကြံပြုချက်တို့ကို ကော်မတီသို့ တင်ပြရမည်။

၆။ ဝန်ကြီးဌာနသည် မြန်မာနိုင်ငံအမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ၏ အတည်ပြုချက်ဖြင့် နည်းဥပဒေ ၃ အရ ကော်မတီကထုတ်ပြန်သော အခြားပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ရမည်။

## အခန်း (၃)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေး

၇။ ကော်မတီသည် အောက်ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးစည်းရုံးမှုများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်-

(က) ကျောင်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲများစီစဉ်ကျင်းပခြင်း၊

(ခ) သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ အင်တာနက် စသည့် မီဒီယာ များမှတစ်ဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာ ဖြန့်ဝေခြင်း၊

(ဂ) မြို့ပြနှင့် ကျေးလက်ဒေသများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲနှင့် ဆွေးနွေးပွဲ အစီအစဉ်များ ရေးဆွဲချမှတ်၍ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျောင်းအုပ်ချုပ်သူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရပ်နှင့် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခြင်း၊

(င) အခြားပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာပေးစည်းရုံးလှုပ်ရှားမှုများဆောင်ရွက်ခြင်း။

၈။ ကော်မတီသည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ အောက်ပါပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လှုပ်ရှားမှုများကို ဆောင်ရွက်နိုင်သည်-

(က) သစ်ပင်စိုက်ပျိုးခြင်း၊ ငါးမျိုးစိုက်ထည့်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အထောက်အကူပြု လှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပြပွဲ၊ ပြခန်းများ ပြသခြင်း၊ ပြိုင်ပွဲများကျင်းပခြင်း၊ ပြဇာတ်၊ ကဇာတ်နှင့် ဖျော်ဖြေပွဲများကျင်းပခြင်း၊

(ဂ) စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အထိမ်းအမှတ်နေ့များ ကျင်းပခြင်း၊

(င) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြားလှုပ်ရှားမှုများ ဆောင်ရွက်ခြင်း၊

(စ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသောဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်၍ နေရင်းဒေသများတွင် ပြန်လည် ရှင်သန်ပေါက်ပွားနိုင်ရေးအတွက် ဆောင်ရွက်ခြင်း။

၉။ ကော်မတီသည် -

(က) ကျောင်းသင်ခန်းစာများပါပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသင်ခန်းစာများကို လိုအပ်သလို ဖြည့်စွက်ထည့်သွင်းရန်နှင့် ပြင်ဆင်နိုင်ရန် သက်ဆိုင်ရာဌာနများသို့ အကြံပြု တိုက်တွန်းနိုင်သည်။

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက အကြံပြုချက်နှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေကို အခါအားလျော်စွာစိစစ်ရမည်။

၁၀။ ကော်မတီသည်အောက်ပါအခြေအနေတစ်ခုခုပေါ်ပေါက်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအား လိုအပ်သည့် အကြံပြုချက် သို့မဟုတ် တိုက်တွန်းချက်များ ပေးပို့နိုင်သည် -

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့က လမ်းညွှန်ခြင်း၊

(ခ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက အကြံပြုချက်တောင်းခံခြင်း၊

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စုံစမ်းစစ်ဆေးချက်အရ တွေ့ရှိခြင်း၊

(ဃ) သတင်းပေးပို့ချက် တစ်ခုခု အရသော်လည်းကောင်း၊ မိမိသဘောအလျောက်သော်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုအပ်သည်ဟု ယူဆခြင်း။

၁၁။ ကော်မတီသည်သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက နည်းဥပဒေ ၁၀ အရ အကြံပြုချက် သို့မဟုတ် တိုက်တွန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရန် ဝန်ကြီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၁၂။ ကော်မတီသည် ပတ်ဂန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် -

(က) လိုအပ်သောအဆိုပြုချက်၊ အကြံပြုချက်နှင့် သဘောထားမှတ်ချက်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း များ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများနှင့်အများပြည်သူတို့ထံမှလည်းကောင်း ကိစ္စတစ်ခုချင်းအလိုက်ဖြစ်စေ၊ ယေဘုယျဖြစ်စေ သင့်လျော်သော နည်းလမ်းဖြင့် တောင်းခံနိုင်သည်။

(ခ) လိုအပ်ပါကအလုပ်ရုံဆွေးနွေးပွဲ၊ နှီးနှောဖလှယ်ပွဲများကျင်းပရန်ဦးစီးဌာနအား လမ်းညွှန် နိုင်သည်။

(ဂ) ပြည်တွင်း၊ ပြည်ပမှ နည်းပညာဆိုင်ရာအကူအညီများကို လက်ခံရယူနိုင်သည်။

(ဃ) နည်းဥပဒေခွဲ(ဂ)နှင့်အညီ ရရှိသော နည်းပညာဆိုင်ရာအကူအညီများကို ဂန်ကြီးဌာနမှ စာရင်းပြုစုထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း ပြုစေနိုင်သည်။

(င) ပြည်တွင်းပြည်ပမှ နည်းပညာအကူအညီများကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့ အစည်းများအား ရယူစေခြင်းနှင့် ယင်းသို့ လက်ခံရရှိနိုင်စေရန် လိုအပ်သော အကူအညီ ပေးခြင်း ပြုနိုင်သည်။

(စ) နည်းပညာအကူအညီ လက်ခံရရှိသော သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ နည်းပညာလက်ခံရရှိမှုနှင့် လုပ်ငန်းတိုးတက်ဆောင်ရွက်မှုအခြေအနေကို သက်ဆိုင်ရာ လုပ်ငန်းပြီးစီးသည့် အချိန်တွင်ဖြစ်စေ၊ နှစ်စဉ်ဖြစ်စေ ကော်မတီသို့အသိပေးရန် ညှိနှိုင်း ဆောင်ရွက်ရမည်။

၁၃။ ကော်မတီသည် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခြင်း သို့မဟုတ် ပတ်ဂန်းကျင် ထိခိုက် ပျက်စီးနိုင်သော အခြေအနေများဖြစ်ပေါ်ခြင်းတို့နှင့်စပ်လျဉ်း၍-

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းပိုင်လုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန၊ ဂန်ဆောင် မှုလုပ်ငန်း သို့မဟုတ် နေရာကြောင့်ဖြစ်ပေါ်ကြောင်းတွေ့ရှိပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့လည်းကောင်း၊ ပုဂ္ဂလိကပိုင်၊ ဖက်စပ်ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာန၊ ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် နေရာကြောင့် ဖြစ်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပိုင်ရှင်သို့ လည်းကောင်း၊ ယင်းတို့အားလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ်၊ အခွင့်အမိန့်ထုတ်ပေးသောအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့လည်းကောင်း ပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်ပေါ်စေရေးအတွက် သတ်မှတ်သည့် ကာလအတွင်း လိုအပ် သလို ပြုပြင်ဆောင်ရွက်ရန် အကြောင်းကြားနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ အကြောင်းကြားချက်ကို သတ်မှတ်ကာလအတွင်း လိုက်နာ ဆောင်ရွက်ခြင်း မရှိပါက ယင်းလုပ်ငန်းကို ရပ်စဲသည်အထိ အရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

(ဂ) လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ထံမှ မူဝါဒ တောင်းခံဆောင်ရွက်ရမည်။

၁၄။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းလုံးနှင့် သက်ဆိုင်သော လုပ်ငန်းအစီအစဉ်များကို လည်းကောင်း၊ ဒေသဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို လည်းကောင်း ကော်မတီ၏ အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်ရမည်။

၁၅။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၁၄ အရ အကောင်အထည်ဖော်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု လုပ်ငန်းအစီအစဉ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူး သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ပုဂ္ဂလိကအဖွဲ့အစည်း နှင့် အများပြည်သူတို့က သတ်မှတ်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရေးအတွက် ပေါင်းစပ်ညှိနှိုင်း ရမည်။

၁၆။ ဝန်ကြီးဌာနသည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက်လည်းကောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေရန်ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့နည်း ပပျောက်ရေးနှင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးတို့အတွက်လည်းကောင်း လိုအပ်သည့် အစီအစဉ်များကို ကော်မတီ၏ အတည်ပြုချက်ဖြင့် ချမှတ်ရမည်။

(ခ) နည်းဥပဒေခွဲ(က)ပါအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မိမိဝန်ကြီးဌာန လက်အောက်ရှိသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းကိုလည်းကောင်း၊ ကော်မတီ၏လမ်းညွှန် ချက်ဖြင့်အခြားသက်ဆိုင်သည့်အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကိုလည်းကောင်း တာဝန် ပေးအပ်နိုင်သည်။

(ဂ) နည်းဥပဒေခွဲ(က)ပါအစီအစဉ်များအား အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာ ၍ စစ်ဆေး ကြပ်မတ်ရန် မိမိဝန်ကြီးဌာနလက်အောက်ရှိဌာန၊ အဖွဲ့အစည်းများကိုဖြစ်စေ၊ ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် သက်ဆိုင်ရာအခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ခုခုကိုဖြစ်စေ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပေးခြင်းဖြင့် စစ်ဆေးစေနိုင်သည်။

(ဃ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက်လည်းကောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုမဖြစ်စေရန်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့်ပတ်ဝန်းကျင်ညစ်ညမ်းမှု လျော့နည်း ပပျောက်ရေးတို့အတွက်လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များကအကြံတောင်းခံလျှင်ဖြစ်စေ၊ အကြံ ပေးရန်လိုအပ် သည်ဟုယူဆလျှင်ဖြစ်စေ ကော်မတီကချမှတ်သော လမ်းညွှန်ချက်များနှင့်အညီ လိုအပ် သလို အကြံပေးနိုင်သည်။

၁၇။ နည်းဥပဒေ ၁၆၊ နည်းဥပဒေခွဲ(ဂ)အရ အစီအစဉ်များ အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာ၍စစ်ဆေးကြပ်မတ်ခြင်းပြုလုပ်သည့် အဖွဲ့အစည်းသည် မိမိတို့၏လုပ်ငန်းတာဝန်ဆောင်ရွက်မှုအခြေအနေနှင့် သက်ဆိုင်သည့် အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၈။ ဝန်ကြီးဌာနသည် -

(က) ပတ်ဝန်းကျင်နှင့်သက်ဆိုင်သည့် ဥပဒေရေးရာကိစ္စရပ်များ၊ လမ်းညွှန်ချက်များအပြင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသော စီးပွားရေးဆိုင်ရာ ဆွဲဆောင်မှုနည်းလမ်းများနှင့် စည်းကမ်းချက်များအတွက် အဆိုပြုချက်များကိုပြုစုတင်ပြစေရန် ဦးစီးဌာနအားတာဝန်ပေးအပ်နိုင်သည်။

(ခ) ဦးစီးဌာနကတင်ပြသောအဆိုပြုချက်များကို စိစစ်သုံးသပ်၍ သဘောထားမှတ်ချက်နှင့်အတူ ကော်မတီသို့တင်ပြရမည်။

၁၉။ ဝန်ကြီးဌာနသည် -

(က) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအချင်းချင်းအကြားတွင်လည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် အများပြည်သူအကြားတွင်လည်းကောင်း၊ ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းအချင်းချင်းအကြားတွင်လည်းကောင်း၊ ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် အများပြည်သူအကြားတွင်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာ အငြင်းပွားမှုတစ်ခုခုဖြစ်ပွားသည့်အခါ ယင်းအငြင်းပွားမှုကို အဆင်ပြေချောမွေ့စွာ ဖြေရှင်းနိုင်ရေးအတွက်အထောက်အကူပေးရန် ဦးစီးဌာနအားတာဝန်ပေးအပ်နိုင်သည်။

(ခ) ပတ်ဝန်းကျင်ဆိုင်ရာအငြင်းပွားမှုကို ညှိနှိုင်းဖြေရှင်းပေးရေးအတွက် လိုအပ်ပါက ညှိနှိုင်းဖြေရှင်းရေးအဖွဲ့အသီးသီးကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အငြင်းပွားမှုတွင် ပါဝင်သူ တစ်ဘက်စီ၏ ကိုယ်စားလှယ်များ၊ သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းပေးနိုင်သည်။ အဖွဲ့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးနိုင်သည်။

(ဂ) ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ ဖွဲ့စည်းခြင်းကို အငြင်းပွားမှုတွင် ပါဝင်သူ တစ်ဘက်ဘက်မှ သို့မဟုတ် နှစ်ဘက်လုံးမှခိုင်လုံသောအကြောင်းပြချက်ဖြင့်ကန့်ကွက်လျှင် ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပေးနိုင်သည်။

(ဃ) ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ဖြင့် ဖြေရှင်းဆောင်ရွက်၍ မရနိုင်သည့် အငြင်းပွားမှုများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ လမ်းညွှန်ချက် ခံယူရမည်။

၂၀။ ဝန်ကြီးဌာနသည် ဥပဒေ ပုဒ်မ ၇(ဇ)ပါ လုပ်ပိုင်ခွင့်အရ လက်ရှိအခြေအနေတွင် ဖြစ်စေ၊ ရေတိုရေရှည်ကာလတွင်ဖြစ်စေ ပတ်ဝန်းကျင်အား သိသာထင်ရှားစွာထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိ ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းကိုတားမြစ်ရန် မြန်မာနိုင်ငံကလက်ခံထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့်အညီ ဘေးအန္တရာယ်ရှိ ပစ္စည်းအမျိုးအစားများ သတ်မှတ်ရမည်။

၂၁။ ဝန်ကြီးဌာနသည် အိုဇုန်းလွှာကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ကမ်းရိုးတန်းဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျှော့ချရေးနှင့်လိုက်လျောညီထွေရှိရေး၊ သဲကန္တာရဖြစ်ပေါ်မှုတိုက်ဖျက်ရေး၊ ပျက်စီးရန်မလွယ်ကူသော ညစ်ညမ်းပစ္စည်းများကို စီမံခန့်ခွဲရေးနှင့် အခြားပတ်ဝန်းကျင်ရေးရာကိစ္စများအတွက် ချမှတ်သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေးနှင့်မြှင့်တင်ရေးဆိုင်ရာ မူဝါဒ၊ အမိန့်၊ လုပ်ငန်းအစီအစဉ်နှင့် လမ်းညွှန်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၂၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခြားလုပ်ငန်းတာဝန်များပေးအပ်ပါက ဝန်ကြီးဌာနသည်မိမိကိုယ်တိုင်သော်လည်းကောင်း၊ လိုအပ်ပါကသက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များနှင့်ပူးပေါင်းညှိနှိုင်း၍သော်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၂၃။ ဦးစီးဌာနသည် -

(က) ပတ်ဝန်းကျင် စီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ နိုင်ငံတစ်ဝန်းလုံးနှင့်ဖြစ်စေ၊ သက်ဆိုင်ရာဒေသနှင့် ဖြစ်စေ သက်ဆိုင်သော နှစ်တို၊ နှစ်လတ်၊ နှစ်ရှည်စီမံကိန်းများကို ညှိနှိုင်းရေးဆွဲ၍ ဝန်ကြီးဌာန အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်ခြင်း၊ အကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် စိစစ်သုံးသပ်ခြင်း ပြုရမည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက်လည်းကောင်း၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်စေရန်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုလျော့နည်းပပျောက်ရေးတို့အတွက်လည်းကောင်း အစီအစဉ်များကို ဝန်ကြီးဌာန၏လမ်းညွှန်ချက်နှင့်အညီ အကောင်အထည် ဖော်ဆောင်ရွက်ရမည်။

(ဂ) နည်းဥပဒေခွဲ (က)နှင့် (ခ)တို့ပါ စီမံကိန်းများနှင့် အစီအစဉ်များ အကောင်အထည်ဖော်မှုကို စောင့်ကြည့်လေ့လာ၍ လိုအပ်ပါက အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်သက်ဆိုင်သည့် အစီရင်ခံစာကို ဝန်ကြီးဌာနသို့တင်ပြရမည်။

၂၄။ ဦးစီးဌာနသည် ပတ်ဂန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် လိုအပ်သော ဥပဒေရေးရာ ကိစ္စရပ်များ၊ လမ်းညွှန်ချက်များအပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပတ်ဝန်းကျင် ထိခိုက်မှုမရှိစေသော သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေသော စီးပွားရေးဆိုင်ရာ ဆွဲဆောင်မှုနည်းလမ်းများနှင့် စည်းကမ်းချက်များအတွက်အဆိုပြုချက်များကိုပြုစု၍ ဝန်ကြီးဌာနသို့တင်ပြရမည်။

၂၅။ ဦးစီးဌာနသည် လက်ရှိအခြေအနေတွင်လည်းကောင်း၊ ရေတိုရေရှည်ကာလ တွင်လည်းကောင်း ပတ်ဝန်းကျင်အား သိသာထင်ရှားစွာ ထိခိုက်စေနိုင်သော ဘေးအန္တရာယ်ရှိပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း သို့မဟုတ် ရောင်းဝယ်ခြင်းကို တားမြစ်ရန် ဝန်ကြီးဌာနက ဘေးအန္တရာယ်ရှိပစ္စည်းအမျိုးအစားများ သတ်မှတ်နိုင်ရေးအတွက် လိုအပ်သော အချက်အလက်များကို မြန်မာနိုင်ငံကလက်ခံထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များနှင့်အညီ ပြုစု၍ ဝန်ကြီးဌာနသို့တင်ပြရမည်။

၂၆။ ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အောက်ပါလုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်-

(က) ပတ်ဂန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဂန်းကျင်အရည်အသွေး မြှင့်တင်ရေးတို့အတွက် အချက်အလက်များ ကောက်ယူစုစည်းခြင်း၊ သုတေသနပြုခြင်းနှင့် လေ့ကျင့်သင်ကြားမှု အစီအစဉ်များ ဆောင်ရွက်ခြင်း၊

(ခ) ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေမှုဆိုင်ရာ မူဝါဒနှင့်အညီ ဆောင်ရွက်မည့် အစီအစဉ်များချမှတ်ခြင်း၊

(ဂ) ပတ်ဂန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များဖြန့်ဖြူးရေးနှင့် ပတ်ဂန်းကျင်ဆိုင်ရာ အသိပညာပေးမှု မြှင့်တင်ရေးတို့အတွက် အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) ပတ်ဂန်းကျင်ထိန်းသိမ်းရေးပညာရပ်ကို ကျောင်းများတွင်သင်ကြားနိုင်ရေး၊ အများပြည်သူတို့ ပတ်ဂန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေး အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာပညာပေးရေးနှင့် ပြန်ကြားရေးလုပ်ငန်းများ စီမံဆောင်ရွက်ခြင်း၊

(င) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းများက ဆောင်ရွက်မည့် ပတ်ဝန်းကျင်အရည်အသွေးကို ထိခိုက်စေနိုင်သည့်လုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် စပ်လျဉ်း၍ လိုအပ်သည့် ခွင့်ပြုချက်များထုတ်ပေးနိုင်ရန် စိစစ်တင်ပြခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ၊ ပြည်တွင်းတည်ဆဲဥပဒေများအရ ကန့်သတ်ထားသည့် သို့မဟုတ် တားမြစ်ထားသည့် ပတ်ဝန်းကျင်ကိုထိခိုက်မှုဖြစ်စေနိုင်သော ဘေးအန္တရာယ်ရှိ ပစ္စည်းများ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းနှင့် သယ်ယူ

ပို့ဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၏ ထောက်ခံချက်ကိုစိစစ်၍ သဘောထားမှတ်ချက်ပေးခြင်း၊

(ဆ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်ဆိုင်ရာ လမ်းညွှန်ချက်များ သတ်မှတ်ထုတ်ပြန်ခြင်း၊

(ဇ) ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်သည့်စနစ်ကို ရေးဆွဲ၍ ဝန်ကြီးဌာနသို့တင်ပြခြင်း၊

(ဈ) နိုင်ငံတစ်ဝန်းလုံးအတွက်ပတ်ဝန်းကျင်အခြေအနေအစီရင်ခံစာပြုစု တင်ပြခြင်း၊

(ည) နိုင်ငံတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ၊ကိစ္စရပ်တစ်ခုချင်းအလိုက်ဖြစ်စေ ပတ်ဝန်းကျင်အခြေအနေကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အများပြည်သူသို့ ထုတ်ပြန်ကြေညာခြင်း။

## အခန်း (၄)

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း

၂၇။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ နိုင်ငံအချင်းချင်းသဘောတူညီချက်များ၊ စာချုပ်စာတမ်းများချုပ်ဆိုရန် လိုအပ်သည်ဟု ယူဆပါ က ပြည်ထောင်စုအစိုးရအဖွဲ့သို့တင်ပြအတည်ပြုချက်ရယူ၍လိုအပ်သလိုဆောင်ရွက်ရန် ဝန်ကြီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၂၈။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သက်ဆိုင်သော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်းသဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ရန်-

(က) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးနိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေး ညှိနှိုင်းနိုင်သည်။

## အခန်း(၅)

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေ

၂၉။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်-

(က) အလှူငွေ၊ ထောက်ပံ့ငွေနှင့် အခြားရငွေများကို ငွေသားဖြင့်ဖြစ်စေ၊ ဘဏ်စာရင်းလွှဲပြောင်းခြင်း ဖြင့်ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ လက်ခံနိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)ပါ အလှူငွေ၊ ထောက်ပံ့ငွေနှင့် အခြားရငွေများကို ပတ်ဝန်းကျင် စီမံခန့်ခွဲမှု ရန်ပုံငွေစာရင်းသို့ ပေးသွင်းစေရမည်။

(ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေကို ကော်မတီက အခြားနည်း ဆုံးဖြတ်ဆောင်ရွက်ခြင်းမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများအတွက်သာ သုံးစွဲရမည်။

(ဃ) နည်းဥပဒေခွဲ (က)အရ ရရှိသောငွေများကို ဂန်ကြီးဌာနက စာရင်းပြုစုထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲခြင်းပြုရန် ညွှန်ကြားရမည်။

၃၀။ ဂန်ကြီးဌာနသည်-

(က) ပတ်ဝန်းကျင်ထိခိုက်မှုတွင် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသူက ပေးလျော်စေရန်နှင့် ပေးလျော်ရမည့်ငွေပမာဏအပါအဝင် လိုအပ်သည့်အချက်များကို ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) သဘာဝပတ်ဂန်းကျင် ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများက ရန်ပုံငွေ ထည့်ဝင်စေရန်နှင့် သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့် လုပ်ငန်းများမှ အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ထည့်ဝင်စေရေးအတွက် ထည့်ဝင်ရမည့် ငွေပမာဏအပါအဝင် အခြား လိုအပ်သည့်အချက်များကို ကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်နိုင်သည်။

၃၁။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေကို အောက်ပါရငွေများဖြင့် တည်ထောင်ရမည်-

(က) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ရငွေ၊

(ခ) ဝန်ကြီးဌာနကမိမိ၏ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းမှ ရငွေ၊

(ဂ) ကော်မတီနှင့် ဝန်ကြီးဌာနတို့က ပြည်တွင်း၊ ပြည်ပမှရရှိသော ချေးငွေ၊ လှူဒါန်းငွေ၊ ထောက်ပံ့ငွေ နှင့် အခြား တရားဝင်ရငွေများ၊

(ဃ) ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ(ဏ)နှင့် နည်းဥပဒေ ၃၀ အရ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသူက ပေးလျော်ငွေနှင့် သဘာဝပတ်ဂန်းကျင် ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိသည့် အဖွဲ့အစည်းများကပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းရန်ပုံငွေသို့ထည့်ဝင်ငွေများ၊ သဘာဝသယံဇာတများ ထုတ်ယူရောင်းဝယ်သုံးစွဲသည့်လုပ်ငန်းများမှ အကျိုးအမြတ်၏တစ်စိတ်တစ်ပိုင်းကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းရန်ပုံငွေသို့ ထည့်ဝင်ငွေများ။

၃၂။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၃၁ အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေများကို ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ အပ်နှံခြင်း၊ စီမံခန့်ခွဲခြင်း၊ ထုတ်ယူသုံးစွဲခြင်း၊ လွှဲပြောင်းပေးခြင်းနှင့် စာရင်းပြုစုထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၃၃။ ဦးစီးဌာနသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေကို ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် -

(က) နိုင်ငံတော်ပိုင်ဘဏ် တစ်ခုခုတွင် ငွေထုတ်စာရင်း ဖွင့်လှစ်အပ်နှံရမည်။

(ခ) ပစ္စည်း၊ အလှူငွေ၊ ထောက်ပံ့ငွေအမျိုးအစားများအလိုက် ခွဲခြားစာရင်းဖွင့်လှစ်၍ မှတ်တမ်းထားရှိရမည်။

(ဂ) စီမံခန့်ခွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ရေးဆွဲဆောင်ရွက်ရမည်။

(ဃ) ရန်ပုံငွေစာရင်းမှအသုံးစရိတ်များကိုထုတ်ယူသုံးစွဲခြင်း၊ လွှဲပြောင်းပေးခြင်းပြုနိုင် သည်။

၃၄။ ဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေသို့ ငွေသွင်း၊ ငွေထုတ်ကိစ္စများ ဆောင်ရွက်ခြင်း၊ ငွေစာရင်းဇယားများထိန်းသိမ်းထားရှိခြင်း၊ ဝန်ကြီးဌာနသို့လစဉ်စာရင်းတင်ပြခြင်းကို ဆောင်ရွက်ရမည်။

၃၅။ ဝန်ကြီးဌာနသည် အိုဇုန်းလွှာကာကွယ်ရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ကမ်းရိုးတန်းဒေသ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်မှု လျော့ချရေးနှင့်လိုက်လျောညီထွေရှိရေး၊ သဲကန္တာရဖြစ်ပေါ်မှုတိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေး၊ ပျက်စီးရန်မလွယ်ကူသောညစ်ညမ်းပစ္စည်းများ စီမံခန့်ခွဲရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေးနှင့် အခြားပတ်ဝန်းကျင်ရေးရာကိစ္စများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ ထိန်းသိမ်းရေး၊ မြှင့်တင်ရေးလုပ်ငန်းများနှင့်ဆက်နွယ်သည့်အထူးကိစ္စများ ဆောင်ရွက်ရာတွင်ကျခံရမည့်အသုံးစရိတ်များကို ကော်မတီ၏သဘောတူညီချက်ဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ကျခံနိုင်သည်။

## အခန်း (၆)

## ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ်အခြေအနေ

၃၆။ ကော်မတီသည်-

(က) မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်သော်လည်းကောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုတွင် သော်လည်းကောင်း၊ နယ်မြေတစ်ခုခုတွင်သော်လည်းကောင်း ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ်အခြေအနေတစ်ရပ်ပေါ်ပေါက်ကြောင်းသို့မဟုတ် ထိုသို့ပေါ်ပေါက်နိုင်ကြောင်း ကိုယ်တိုင်သိရှိယုံကြည်လျှင်ဖြစ်စေ၊ ဝန်ကြီးဌာန သို့မဟုတ် အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုမှ ခိုင်လုံသော သတင်းရရှိလျှင်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့် သိရှိလျှင်ဖြစ်စေ ပတ်ဝန်းကျင်ဆိုင်ရာအရေးပေါ်အခြေအနေတစ်ရပ်ပေါ်ပေါက်ကြောင်းထုတ်ပြန်ကြေညာနိုင်ရန်ပြည်ထောင်စုအစိုးရအဖွဲ့သို့ချက်ချင်း တင်ပြရမည်။

(ခ) အရေးပေါ်အခြေအနေပြီးဆုံးပြီဟုယူဆသည့်အခါ အရေးပေါ်အခြေအနေပြီးစီးကြောင်း ကြေညာနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြရမည်။

၃၇။ ဝန်ကြီးဌာနသည် -

(က) ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေနှင့်စပ်လျဉ်း၍ အရေးပေါ်တုံ့ပြန်မှုအစီအစဉ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ကြိုတင်ပြုစုထားရမည်။

(ခ) ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေကြောင့်ဖြစ်ပေါ်သော သို့မဟုတ် ဖြစ်ပေါ်နိုင်သောပတ်ဝန်းကျင်ထိခိုက်မှုများကိုတားဆီးကာကွယ်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူများနှင့် လိုအပ်သလိုညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရမည်။

## အခန်း(၇)

## ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ

၃၈။ ဝန်ကြီးဌာနသည် -

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးအတွက် ဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မ ၁၀ ပါ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများကို နိုင်ငံတစ်ဝန်းလုံးအတွက်ဖြစ်စေ၊ ဒေသ သို့မဟုတ် မြို့ရွာ သို့မဟုတ် နယ်မြေ၊ ဧရိယာ၊ မြစ်ချောင်းအင်းအိုင် တစ်ခုခုအတွက်ဖြစ်စေ၊ ယင်းတို့၏အစိတ်အပိုင်းတစ်ခုခုအတွက်ဖြစ်စေ ပြည်ထောင်စုအစိုးရအဖွဲ့နှင့်ကော်မတီ၏သဘောတူညီချက်ဖြင့်အမိန့်ကြော်ငြာစာထုတ်ပြန်၍သတ်မှတ်နိုင်သည်။

(ခ) နည်းဥပဒေခွဲ(က)အရ ပတ်ဝန်းကျင်အရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ရာတွင် စံချိန်စံညွှန်းသတ်မှတ်ရန် တာဝန်ပေးအပ်ခြင်းခံရသော သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်လည်းကောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဒေသဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့တို့နှင့်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လည်းကောင်း လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဂ) နည်းဥပဒေခွဲ(က)အရသတ်မှတ်ချက်ကို အများပြည်သူအကျိုးငှာအချိန်ကာလနှင့် နေရာဒေသအလိုက် လိုအပ်သလို ပြင်ဆင်ခြင်းပြုနိုင်သည်။

(ဃ) နည်းဥပဒေခွဲ(က)အရထုတ်ပြန်သော ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ချက်များကိုသက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအပြင် အများပြည်သူတို့ကပါ လိုက်နာဆောင်ရွက်ရေးအတွက် လိုအပ်သလို ဆောင်ရွက်နိုင်သည်။

၃၉။ ဦးစီးဌာနသည်-

(က) နည်းဥပဒေ ၃၈ (က) အရ ဝန်ကြီးဌာနက ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ သတ်မှတ်နိုင်ရေးအတွက်စံချိန်စံညွှန်းသတ်မှတ်ရန်တာဝန်ပေးအပ်ခြင်းခံရသော သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် လည်းကောင်း၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဒေသဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့တို့နှင့် လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လည်းကောင်း ပတ်ဝန်းကျင် အရည်အသွေး စံချိန်စံညွှန်းဆိုင်ရာ အချက်အလက်များကို လိုအပ်သလို ညှိနှိုင်းပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ပတ်ဂန်းကျင်အရည်အသွေး စံချိန်စံညွှန်းများသတ်မှတ်နိုင်ရေးအတွက် လိုအပ်သည့်အချိန်ကာလနှင့်နေရာဒေသများတွင်လိုအပ်သောအထူးစစ်ဆေးတိုင်းတာမှုများပြုလုပ်နိုင်သည်။

## အခန်း (၈)
## မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှု

၄၀။ (က) ဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၁၇ ပါ မြို့ပြဒေသပတ်ဝန်းကျင် စီမံခန့်ခွဲမှုများအတွက် ကော်မတီကချမှတ်သော လမ်းညွှန်ချက်များနှင့်အညီသက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပုဂ္ဂလိက၊ ပုဂ္ဂလိကအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များက အကြံတောင်းခံလာလျှင်သော်လည်းကောင်း၊ အကြံပေးရန်လိုအပ်သည်ဟု ယူဆလျှင်သော်လည်းကောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လိုအပ်သလို အကြံပေးနိုင်သည်။

(ခ) ဦးစီးဌာနသည် မြို့ပြဒေသပတ်ဝန်းကျင်စီမံခန့်ခွဲမှုများအတွက်အကြံပေးရန်လိုအပ်သည့်အခါ မိမိ၏ သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

## အခန်း(၉)
## စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု

၄၁။ ဝန်ကြီးဌာနသည် စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော် ထုတ်လုပ်ရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် ရေလုပ်ငန်း၊ အညစ်အကြေးစွန့်ပစ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများဆောင်ရွက်ရာတွင် ဓာတုပစ္စည်း သို့မဟုတ် အခြားဘေးအန္တရာယ်ရှိသည့်ပစ္စည်းများ ထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိလာနိုင်သော ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်း၏အမျိုးအစားနှင့် အတန်းအစားများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

၄၂။ ဝန်ကြီးဌာနသည် အဆိပ်အတောက်နှင့်ဘေးအန္တရာယ်ရှိပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်၊ ထုတ်လွှတ်အခိုးအငွေ့ပစ္စည်းများအား ပြုပြင်သန့်စင်ရေးအတွက် လိုအပ်သည့် စက်ရုံများ၊ စခန်းများတည်ထောင်ရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ပူးပေါင်း၍-

(က) သတ်မှတ်ထားသော အဆိပ်အတောက်နှင့်ဘေးအန္တရာယ်ရှိပစ္စည်းများပါဝင်သည့် စွန့်ပစ်အစိုင်အခဲ၊ စွန့်ပစ်အရည်၊ ထုတ်လွှတ်အခိုးအငွေ့များ၊ ဓာတ်ရောင်ခြည်များ ထုတ်လွှတ်ထွက်ရှိသည့် လုပ်ငန်းအမျိုးအစားများကို မိမိတို့ကိုယ်ပိုင်သန့်စင်စက်ရုံ သို့မဟုတ် သန့်စင်ရေးစခန်းတည်ထောင်၍ဖြစ်စေ၊ စုပေါင်းပိုင်သန့်စင်စက်ရုံ သို့မဟုတ် သန့်စင်ရေးစခန်း တည်ထောင်၍ဖြစ်စေ စွန့်ပစ်ပစ္စည်း သန့်စင်ရေးအတွက် ဆောင်ရွက်စေရမည်။

(ခ) ဤနည်းဥပဒေများကိုမထုတ်ပြန်မီကတည်ထောင်ခဲ့ပြီးစွန့်ပစ်ပစ္စည်းသန့်စင်ရေးအတွက် မိမိတို့ကိုယ်ပိုင်သန့်စင်စက်ရုံ သို့မဟုတ် သန့်စင်ရေးစခန်းကိုဖြစ်စေ၊ စုပေါင်းပိုင်သန့်စင်စက်ရုံ သို့မဟုတ် သန့်စင်ရေးစခန်းကိုဖြစ်စေ တည်ဆောက်လုပ်ကိုင်ရန် တာဝန်ရှိသည့် လုပ်ငန်းများက စွန့်ပစ်ပစ္စည်းသန့်စင်ရေးအတွက် စက်ရုံများ၊ စခန်းများတည်ထောင်ရန် အချိန်ကာလ သတ်မှတ်ပေးရမည်။

(ဂ) သက်ဆိုင်ရာလုပ်ငန်းများက စွန့်ပစ်ပစ္စည်းသန့်စင်ရေးနှင့်စပ်လျဉ်း၍ နည်းဥပဒေခွဲ(က) ပါအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကို စစ်ဆေးတင်ပြစေရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၄၃။ ဝန်ကြီးဌာနသည် -

(က) စက်မှုနယ်မြေများ၊ အထူးစီးပွားရေးဇုန်များနှင့် အခြားလိုအပ်သော နေရာများ၊ အဆောက်အအုံများတွင် စွန့်ပစ်အရည် သန့်စင်မှုစည်းကမ်းချက်များကိုလည်းကောင်း၊ စက်၊ ယာဉ်နှင့် ယန္တရားများက အခိုးအငွေ့ထုတ်လွှတ်မှုဆိုင်ရာစည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်နိုင်သည်။

(ခ) စွန့်ပစ်သည့်ဘေးအန္တရာယ်ရှိပစ္စည်းကို သိမ်းယူခြင်း၊ ထားသိုခြင်း၊ ဘေးကင်းမှုအစီအမံများ ထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ အဆိုပါပစ္စည်းကို ခေတ်မီနည်းပညာများဖြင့်စီမံခြင်း၊ ပြုပြင်သန့်စင်ခြင်း၊ စွန့်ပစ်ခြင်းတို့ကို ထိန်းသိမ်း ကြီးကြပ်ရေးနည်းလမ်းများ သတ်မှတ်နိုင်သည်။

(ဂ) စွန့်ပစ်အစိုင်အခဲပစ္စည်းများအား ဖျက်ဆီးခြင်း၊ သိမ်းဆည်းခြင်း၊ ထားသိုခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ ပိုမိုကောင်းမွန်စေရေးအတွက် လိုအပ်သည့်အစီအမံများကို သက်ဆိုင်ရာအစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းချမှတ်နိုင်သည်။

(ဃ) စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် ပိုမိုသန့်ရှင်းစွာထုတ်လုပ်နိုင်ရေး နည်းလမ်းများကိုလည်းကောင်း၊ သဘာဝအရင်းအမြစ်များနှင့် စွန့်ပစ်ပစ္စည်းများအား ပြန်လည်ပြုပြင် အသုံးပြုရေးနည်းလမ်းများကိုလည်းကောင်း ချမှတ်နိုင်သည်။

၄၄။ ဦးစီးဌာနသည်စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် ရေလုပ်ငန်း၊ အညစ်အကြေးစွန့်ပစ်ရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဓာတုပစ္စည်း သို့မဟုတ် အခြားဘေးအန္တရာယ်ရှိသည့် ပစ္စည်းများ ထုတ်လုပ်သုံးစွဲရာမှ ထွက်ရှိလာနိုင်သော စွန့်ပစ်သည့် ဘေးအန္တရာယ်ရှိပစ္စည်းအမျိုးအစားနှင့် အတန်းအစားများကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်လည်းကောင်း၊ လိုအပ်ပါက သင့်လျော်သော အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

၄၅။ ဦးစီးဌာနသည် နည်းဥပဒေ ၄၂ အရ စွန့်ပစ်ပစ္စည်း သန့်စင်ရေးစက်ရုံ သို့မဟုတ် သန့်စင်ရေး စခန်း တည်ထောင်ရန် တာဝန်ရှိသည့် လုပ်ငန်းများက စွန့်ပစ်ပစ္စည်း သန့်စင်ရေးနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စစ်ဆေးတင်ပြရမည်။

၄၆။ ဦးစီးဌာနသည်-

(က) စက်မှုနယ်မြေများ၊ အထူးစီးပွားရေးဇုန်များနှင့် အခြားလိုအပ်သောနေရာများ၊ အဆောက်အအုံများတွင် စွန့်ပစ်အရည် သန့်စင်မှု စည်းကမ်းချက်များကိုလည်းကောင်း၊ စက်၊ ယာဉ်နှင့် ယန္တရားများကအခိုးအငွေ့ထုတ်လွှတ်မှုဆိုင်ရာစည်းကမ်းချက်များကိုလည်းကောင်း ပြုစု၍ ဝန်ကြီးဌာန သို့တင်ပြရမည်။

(ခ) စွန့်ပစ်သည့် ဘေးအန္တရာယ်ရှိပစ္စည်းကို သိမ်းယူခြင်း၊ ထားသိုခြင်း၊ ဘေးကင်းမှု အစီအမံများထားရှိခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ အဆိုပါပစ္စည်းကို ခေတ်မီနည်းပညာများဖြင့် စီမံခြင်း၊ ပြုပြင်သန့်စင်ခြင်း၊ စွန့်ပစ်ခြင်းတို့ကို ထိန်းသိမ်းကြီးကြပ်ရေးအတွက် နည်းလမ်းများကိုပြုစု၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) စွန့်ပစ်အစိုင်အခဲပစ္စည်းများ ဖျက်ဆီးခြင်း၊ သိမ်းဆည်းခြင်း၊ ထားသိုခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ပိုမိုကောင်းမွန်စေရေးအတွက် ဝန်ကြီးဌာနက ချမှတ်သော အစီအမံများကိုအကောင်အထည်ဖော်ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းပြုရမည်။

(ဃ) ဝန်ကြီးဌာနက ချမှတ်သော စက်မှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများတွင် ပိုမိုသန့်ရှင်းစွာ ထုတ်လုပ်မှုနည်းလမ်းများ၊ သဘာဝအရင်းအမြစ်များနှင့် စွန့်ပစ်ပစ္စည်းများအား ပြန်လည်ပြုပြင် အသုံးပြုရေးနည်းလမ်းများကို လိုက်နာကျင့်သုံးခြင်း ရှိ မရှိ စစ်ဆေး၍ ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရမည်။

## အခန်း(၁၀)

## သဘာဝသယံဇာတအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း

၄၇။ ဦးစီးဌာနသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကဆောင်ရွက်သည့် ဥပဒေပုဒ်မ ၁၈ ပါ သဘာဝသယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲခြင်း၊ အကျိုးရှိစွာအသုံးပြုခြင်း၊ စဉ်ဆက် မပြတ် အသုံးပြုခြင်းနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ် များ၏ ဆောင်ရွက်မှုအခြေအနေကို လိုအပ်သလို စိစစ်၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) နည်းဥပဒေခွဲ(က)ပါကိစ္စရပ်များကိုဆောင်ရွက်ရာတွင် သဘာဝအပင်များနှင့် သက်ရှိများ ၏နေရင်းဒေသမပျောက်ပျက်စေရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း များနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်။

၄၈။ ဝန်ကြီးဌာနသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသည့် ယဉ်ကျေးမှုအမွေအနှစ် ဒေသများ၊ သဘာဝအမွေအနှစ်ဒေသများ၊ ယဉ်ကျေးမှုအထိမ်းအမှတ်၊ အဆောက်အအုံများနှင့် သဘာဝ နယ်မြေများ အစဉ်တည်တံ့ခိုင်မြဲရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များတွင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ယင်းသို့ပူးပေါင်း ဆောင်ရွက်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်ခြင်း ပြုနိုင်သည်။

၄၉။ ဝန်ကြီးဌာနသည် ဥပဒေပုဒ်မ ၁၈ ပါ သဘာဝသယံဇာတအရင်းအမြစ်များနှင့် ယဉ်ကျေးမှု အမွေအနှစ်များ စဉ်ဆက်မပြတ် ရေရှည်တည်တံ့စေရေးအတွက် မြေအသုံးချမှု မှန်ကန်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဦးစီးဌာနအား တာဝန် ပေးအပ်နိုင်သည်။

၅၀။ ဝန်ကြီးဌာနသည် သဘာဝသယံဇာတအရင်းအမြစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ စဉ်ဆက် မပြတ် ရေရှည်တည်တံ့စေရေးအတွက် လိုအပ်သည့်နည်းပညာ၊ ကျွမ်းကျင်မှုအကူအညီများ ရရှိနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းများနှင့် လိုအပ်သလိုဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## အခန်း(၁၁)

## ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း

၅၁။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်သည့်စနစ်ချမှတ်ဆောင်ရွက်ရန် ဦးစီးဌာနအား တာဝန်ပေးအပ်နိုင်သည်။

၅၂။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်ရမည့် စီမံကိန်း၊ စီးပွားရေး လုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားများကို သတ်မှတ်ရမည်။

၅၃။ ဝန်ကြီးဌာနသည် နည်းဥပဒေ ၅၂ အရ သတ်မှတ်ချက်တွင်မပါဝင်သည့် အဆိုပြု စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုများကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် လိုအပ်ခြင်း ရှိ မရှိ စိစစ်နိုင်ရန် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းပြုလုပ်ရမည့် အမျိုးအစားများအဖြစ် သတ်မှတ်နိုင်သည်။

၅၄။ နည်းဥပဒေ ၅၂ အရ သတ်မှတ်ထားသည့် စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားများကို ဆောင်ရွက်မည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် -

(က) မိမိ၏ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုအတွက် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရမည်။

(ခ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို မည်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ပြုလုပ်ရန် ရည်ရွယ်ကြောင်း ဝန်ကြီးဌာနသို့ ကြိုတင်တင်ပြရမည်။

(ဂ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

၅၅။ ဤနည်းဥပဒေ မထုတ်ပြန်မီက တည်ထောင်ထားသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း သို့မဟုတ် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း ပြုလုပ်ရန်တာဝန်ရှိသည့် စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုဆောင်ရွက်သည့်အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည်-

(က) ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ဝန်ကြီးဌာနက စိစစ် သုံးသပ်ပြီး အတည်ပြုသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်များကို ဝန်ကြီးဌာနက သတ်မှတ်သည့် အချိန်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၅၆။ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှုကို ဆောင်ရွက်မည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် မိမိ၏ စီမံကိန်း၊ စီးပွားရေးလုပ်ငန်း၊ ဝန်ဆောင်မှု သို့မဟုတ် လုပ်ဆောင်မှု အတွက်ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို ဝန်ကြီးဌာနက လက်ခံသော အရည်အချင်း ပြည့်မီသည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ရမည်။

၅၇။ နည်းဥပဒေ ၅၄ (ခ) အရ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းကို မည်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းနှင့် ပြုလုပ်ရန် ရည်ရွယ်ကြောင်း ဝန်ကြီးဌာနသို့ ကြိုတင်တင်ပြသည့်အခါ ဝန်ကြီးဌာနက စိစစ်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်ရန် သင့်လျော်သည့် တတိယ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း အဆင့် ဟုတ် မဟုတ် အဆုံးအဖြတ်ပေးရမည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

၅၈။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့ကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းရမည်။

၅၉။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့တွင် ပြင်ပပုဂ္ဂလိက ကျွမ်းကျင်သူများပါဝင်ပါက ယင်းတို့အတွက်ချီးမြှင့်ငွေ၊ စရိတ်နှင့် ထောက်ပံ့ကြေးများကို ပတ်ဝန်းကျင် စီမံခန့်ခွဲမှုရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

၆၀။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့်စပ်လျဉ်း၍ တတိယ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ပြုလုပ်တင်ပြသော ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာကို စိစစ်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ စိစစ်သုံးသပ်ရေးအဖွဲ့မှတစ်ဆင့်တင်ပြရန် ဦးစီးဌာန အားတာဝန်ပေးအပ်နိုင်သည်။

၆၁။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို ကော်မတီ၏ လမ်းညွှန်ချက်ဖြင့် အတည်ပြုပြန်ကြားနိုင်သည်။

## အခန်း(၁၂)
## ကြိုတင်ခွင့်ပြုချက်

၆၂။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သည့် ပတ်ဝန်းကျင် အရည်အသွေးကို ထိခိုက်စေနိုင်သောလုပ်ငန်း၊လုပ်ငန်းခွင်နေရာ သို့မဟုတ် စက်ရုံ၊အလုပ်ရုံအမျိုးအစားများကို ကော်မတီ ၏အတည်ပြုချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ သတ်မှတ်ကြေညာရမည်။

၆၃။ ဝန်ကြီးဌာနက ဥပဒေ ပုဒ်မ ၂၁ နှင့် နည်းဥပဒေ ၆၂ အရ သတ်မှတ်သည့် လုပ်ငန်း၊ လုပ်ငန်းခွင် နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံအမျိုးအစား၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ကြိုတင် ခွင့်ပြုချက်ထုတ်ပေးရန်လျှောက်လွှာ **(ပုံစံ-၁)** ဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၆၄။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာများကို စိစစ်၍ခွင့်ပြုပါက လိုက်နာရန် စည်းကမ်းချက်များသတ်မှတ်၍ ကြိုတင်ခွင့်ပြုချက်**(ပုံစံ-၂)**ဖြင့် ထုတ်ပေးရမည်။ ကြိုတင် ခွင့်ပြုချက်ထုတ်ပေးသည့် လုပ်ငန်း၊ လုပ်ငန်းခွင် နေရာ သို့မဟုတ် စက်ရုံ၊ အလုပ်ရုံများကို မှတ်ပုံတင်၍ ထိန်းသိမ်းထားရမည်။

၆၅။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့် မညီညွတ်သဖြင့် ငြင်းပယ်သည့်အခါ ယင်းသတ်မှတ်ချက်များနှင့်ညီညွတ်စေရေးအတွက် ပြည့်စုံစွာဆောင်ရွက်ပြီး ထပ်မံ လျှောက်ထားပါက လိုအပ်သလို စိစစ်၍ ခွင့်ပြုနိုင်သည်။

၆၆။ ဝန်ကြီးဌာနသည် ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရာတွင် သတ်မှတ်သည့် စည်းကမ်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်မှု ရှိ မရှိကို -

(က) ဦးစီးဌာနက စစ်ဆေးတင်ပြစေရန် တာဝန်ပေးအပ်နိုင်သည်။

(ခ) သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေး၍ ပြန်ကြားပေးရန် အကြောင်းကြားနိုင်သည်။

၆၇။ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းလုပ်ငန်းလုပ်ကိုင်လိုသူများသည် ပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိ နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ကြိုတင်သဘောတူညီချက် ရရှိရန် ဆောင်ရွက်ရမည်။

၆၈။ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ရေးအတွက် နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၆၂ အရ သတ်မှတ်သည့် လုပ်ငန်းအမျိုးအစားများတွင် မပါဝင်သည့် အသေးစား ပုဂ္ဂလိကလုပ်ငန်း၊ စက်ရုံ၊ အလုပ်ရုံများသည် လုပ်ငန်းတည်ဆောက်လည်ပတ်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ခွင့်ပြုချက်၊ လိုင်စင်လျှောက်ထားခြင်းမပြုမီ ပတ်ဝန်းကျင်ထိခိုက်မှု ရှိ မရှိ နှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သဘောထားမှတ်ချက် ရယူရမည်။

## အခန်း(၁၃)
## တားမြစ်ချက်များ

၆၉။ (က) မည်သူမျှ ပတ်ဝန်းကျင်ကို ညစ်ညမ်းစေသည့် ပစ္စည်းများကိုလည်းကောင်း၊ ဥပဒေနှင့် ဤနည်းဥပဒေတစ်ခုခုအရ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း သို့မဟုတ် ဘေးအန္တရာယ်ရှိပစ္စည်းများကိုလည်းကောင်း အများပြည်သူအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိခိုက်စေနိုင်မည့် နေရာတစ်ခုခုတွင် တစ်နည်းနည်းဖြင့် ထုတ်လွှတ်ခြင်း၊ ထုတ်လွှတ်စေခြင်း၊ စွန့်ပစ်ခြင်း၊ စွန့်ပစ်စေခြင်း၊ စုပုံခြင်း၊ စုပုံစေခြင်း မပြုရ။

(ခ) အများပြည်သူအကျိုးငှာ သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်အရမှတစ်ပါး ဂေဟစနစ်နှင့် ယင်းစနစ်ကြောင့်ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ပြုလုပ်မှုများကို မည်သူမျှ ဆောင်ရွက်ခြင်း မပြုရ။

## အခန်း (၁၄)
## အထွေထွေ

၇၀။ ကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကဏ္ဍအလိုက်ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်နှင့်စပ်လျဉ်း၍ ဆက်သွယ်ရန်ပုဂ္ဂိုလ် သို့မဟုတ် ဌာနခွဲထားရှိရန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်သည်။

၇၁။ ဝန်ကြီးဌာနသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော မြို့၊ နေရာဒေသ၊ စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းစသည်တို့အား ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်ကြောင်း မှတ်တမ်းတင်ဂုဏ်ပြုလွှာ သို့မဟုတ် ထောက်ခံချက်ပေးနိုင်သည်။

၇၂။ ဤနည်းဥပဒေများအရ ဦးစီးဌာနက ဆောင်ရွက်ရန် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန က ဆောင်ရွက်ရမည်။

၇၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသည် မိမိ၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန တာဝန်ခံ အရာရှိ များအား လိုအပ်သလို ခွဲဝေပေးအပ်၍ ဆောင်ရွက်စေနိုင်သည်။

၇၄။ မည်သူမဆို ပတ်ဝန်းကျင်ကိုထိခိုက်စေနိုင်သည့်ပြုလုပ်မှုတစ်ခုခုကိုကျူးလွန်ကြောင်း သို့မဟုတ် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအလို့ငှာ သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ သတင်းပေးပို့နိုင်သည်။

(ပုံ) ဝင်းထွန်း

ပြည်ထောင်စုဝန်ကြီး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

စာအမှတ်၊ ၂/၂၂၀(ခ)(ဖ)/(၄၃၀၁/၂၀၁၄)
ရက်စွဲ၊ ၂၀၁၄ ခုနှစ် ဇွန်လ ၅ ရက်

**<u>ဖြန့်ဝေခြင်း</u>**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
လွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
(မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်မေတ္တာရပ်ခံချက်ဖြင့်)
မျှောစာတွဲ
ရုံးလက်ခံ

အမိန့်အရ

( မျိုးညွန့် )
ရုံးအဖွဲ့မှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန

ပုံစံ(၁)

ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်လွှာ

**[ နည်းဥပဒေ ၆၃ ]**

သို့

ပြည်ထောင်စုဝန်ကြီး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန

ရက်စွဲ။ ......... ခုနှစ်၊ ......... လ ..... ရက်။

အကြောင်းအရာ။ **ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်ထားခြင်း။**

၁။ ............. နိုင်ငံ၊ ......... တိုင်းဒေသကြီး/ပြည်နယ်၊ ............ ခရိုင်၊ ......... မြို့နယ်၊ ......... မြို့၊ ......... ရပ်ကွက်/ကျေးရွာအုပ်စုနေ ကျွန်တော်/ကျွန်မ ဦး/ဒေါ် ............... က အပိုဒ်(၂)တွင်ဖော်ပြပါ လုပ်ငန်းကို ဆောင်ရွက်လိုပါသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၆၄ အရ ကြိုတင်ခွင့်ပြုချက် ထုတ်ပေးနိုင်ပါရန် လျှောက်ထားအပ်ပါသည်။

၂။ သက်ဆိုင်သည့် အချက်အလက်များကို အောက်ပါအတိုင်း တင်ပြအပ်ပါသည် -

(က) လျှောက်ထားသူပိုင်ရှင်အမည် - ..............................

(ခ) ဖခင်အမည် - ..............................

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်/- ..............................
နိုင်ငံကူးလက်မှတ်အမှတ် ..............................

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား/ - ..............................
နိုင်ငံကူးလက်မှတ်ထုတ်ပေးသည့်နေရာ ..............................

(င) နိုင်ငံသား/ လူမျိုး - ..............................

(စ) မွေးဖွားရာဒေသ - ..............................

(ဆ) နေရပ်လိပ်စာ

(၁) နိုင်ငံသားဖြစ်ပါကပြည်တွင်းရှိနေရပ်လိပ်စာ- ..............................
..............................

(၂) နိုင်ငံခြားသားဖြစ်ပါက သက်ဆိုင်ရာ နိုင်ငံရှိ နေရပ်လိပ်စာ - ..............................
..............................

(၃) နိုင်ငံခြားသားဖြစ်ပါက မြန်မာနိုင်ငံအတွင်း နေထိုင်သည့် နေရပ်လိပ်စာ -
..............................

(ဇ) ကြိုတင်ခွင့်ပြုချက်ရယူဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား၊..............................
..............................

(ဈ) လုပ်ငန်း/လုပ်ငန်းခွင်နေရာ/စက်ရုံ/အလုပ်ရုံ လိပ်စာ၊ ..............................
..............................

(ည) ကုမ္ပဏီအဖွဲ့အစည်းဖြစ်ပါက မှတ်ပုံတင်ထားသည့် ကုမ္ပဏီအဖွဲ့အစည်းဖြစ်ကြောင်း အထောက်အထား မိတ္တူပူးတွဲ။

(ဋ) အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ လုပ်ငန်းနှင့် စပ်လျဉ်းသည့် ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ် စသည့်တို့ ရရှိထားပါက ယင်းတို့၏ မိတ္တူပူးတွဲ။

လျှောက်ထားသူ/ပိုင်ရှင်

(ဦး/ဒေါ် ............. )

**ပုံစံ(၂)**

ကြိုတင်ခွင့်ပြုချက်

**[ နည်းဥပဒေ ၆၄ ]**

အကြောင်းအရာ။ **ကြိုတင်ခွင့်ပြုချက် ထုတ်ပေးခြင်း။**

၁။ ............. နိုင်ငံ၊ ............. တိုင်းဒေသကြီး/ပြည်နယ်၊ ............. ခရိုင်၊ ......... မြို့နယ်၊ ......... မြို့၊ ......... ရပ်ကွက်/ကျေးရွာအုပ်စုနေ ဦး/ဒေါ် ............... က အပိုဒ်(၂) တွင်ဖော်ပြပါ လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ခွင့်ပြုချက် ထုတ်ပေးရန် လျှောက်ထားတင်ပြလာခြင်း ကိစ္စနှင့် စပ်လျဉ်း၍ အပိုဒ် ၃ တွင် ဖော်ပြပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၆၄ အရ ကြိုတင်ခွင့်ပြုချက်ထုတ်ပေးလိုက်သည်။

၂။ လုပ်ငန်းနှင့် သက်ဆိုင်သည့် အချက်အလက်များ-

(က) ကြိုတင်ခွင့်ပြုချက်ရယူဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား၊ ..................................

..................................................................................................................................

..................................................................................................................................

(ခ) လုပ်ငန်း/လုပ်ငန်းခွင်နေရာ/စက်ရုံ/အလုပ်ရုံလိပ်စာ၊ ................................................

..................................................................................................................................

၃။ လိုက်နာဆောင်ရွက်ရန် စည်းကမ်းသတ်မှတ်ချက်များ-

(က) ပတ်ဝန်းကျင်ကိုညစ်ညမ်းစေပါက ဝန်ကြီးဌာနမှသတ်မှတ်သောငွေကိုပေးလျော်ရမည်။

(ခ) သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုစနစ်မှ အကျိုးအမြတ်ရရှိပါက ဝန်ကြီးဌာနမှသတ်မှတ် သော ရန်ပုံငွေကိုထည့်ဝင်ရမည်။

(ဂ) သဘာဝသယံဇာတများထုတ်ယူသုံးစွဲသောလုပ်ငန်းဖြစ်ပါက အကျိုးအမြတ်၏ တစ်စိတ် တစ်ပိုင်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက်ဝန်ကြီးဌာနကသတ်မှတ် သည့်အတိုင်း ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေသို့ထည့်ဝင်ရမည်။

(ဃ) ..................................................................................................................

(င) ..................................................................................................................

(စ) ..................................................................................................................

ရုံးတံဆိပ်

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

(ကြိုတင်ခွင့်ပြုချက်ထုတ်ပေးရန် အခွင့်အမိန့်ရသူ)